## ဓမ္မခန္ဓာ (၅၂) ထို–တောင် (အလ် တူးရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၇၆)၊ သုတ်ဒေသနာ ပါး (၄၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–း၁

| | |
|---|---|
| ၁။ | وَالطُّورِ<br>ထို–တောင်အားဖြင့်၊– |
| ၂။ | وَكِتَابٍ مَّسْطُورٍ<br>ရေးမှတ်ထားသော ကျမ်းတော်အားဖြင့်– |
| ၃။ | فِي رَقٍّ مَّنشُورٍ<br>၎င်းကို အချောသတ် အက္ခရာ တင်ထား၏။ |
| ၄။ | وَالْبَيْتِ الْمَعْمُورِ<br>လည်ပတ်ဂါယာပြုကြသော ဝတ်ကျောင်းတော်အားဖြင့်– |
| ၅။ | وَالسَّقْفِ الْمَرْفُوعِ<br>မြင့်စွင့်သော မျက်နှာကြက်အားဖြင့်– |
| ၆။ | وَالْبَحْرِ الْمَسْجُورِ<br>ရေပြည့်တင်းနေသော ပင်လယ်ပြင်အားဖြင့်– |
| ၇။ | إِنَّ عَذَابَ رَبِّكَ لَوَاقِعٌ<br>ကေန်ပင် သင့်ကံကြမ္မာရှင်ထံမှ ပြဋ္ဌာန်းချက်ဝဋ်ကြွေးအား တည့်တည့်တိုးရလတ္တံ့။ |
| ၈။ | مَا لَهُ مِن دَافِعٍ<br>၎င်းကို ခုခံနိုင်သူ ဟူ၍ မရှိချေ။ |
| ၉။ | يَوْمَ تَمُورُ السَّمَاء مَوْرًا<br>ကောင်းကင်ယံသည် သွက်သွက်ခါ တုန်လှုပ်သော နေ့ကာလ၌၊ |
| ၁၀။ | وَتَسِيرُ الْجِبَالُ سَيْرًا<br>တောင်တန်းများသည် လွင့်မျော လွင့်ပါးရလတ္တံ့။ |
| ၁၁။ | فَوَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးဆုံးရှုံးရလတ္တံ့။ |

| | |
|---|---|
| ၁၂။ | **الَّذِينَ هُمْ فِي خَوْضٍ يَلْعَبُونَ۞**<br>သူတို့သည် အနှစ်မဲ့စကားများဖြင့် ပျော်မြူးနေကြ၏။ |
| ၁၃။ | **يَوْمَ يُدَعُّونَ إِلَى نَارِ جَهَنَّمَ دَعًّا۞**<br>သူတို့အား အပူမီး ငရဲဘုံသို့ ပင့်ဖိတ် ဖိတ်ကြားခံရသော နေ့ကာလ၌– |
| ၁၄။ | **هَذِهِ النَّارُ الَّتِي كُنتُم بِهَا تُكَذِّبُونَ۞**<br>ဤသည် သင်တို့ ငြင်းဆိုလေ့ ရှိသည့် အပူမီးပင်တည်း။ |
| ၁၅။ | **أَفَسِحْرٌ هَذَا أَمْ أَنتُمْ لَا تُبْصِرُونَ۞**<br>မှော်အတတ်ဖြစ်သလော၊ သို့မဟုတ် သင်တို့ မမြင်စွမ်းနိုင်ကြသလော၊ |
| ၁၆။ | **اصْلَوْهَا فَاصْبِرُوا أَوْ لَا تَصْبِرُوا سَوَاء عَلَيْكُمْ إِنَّمَا تُجْزَوْنَ مَا كُنتُمْ تَعْمَلُونَ۞**<br>ထို၌ တစ်သားတည်း ဖြစ်ကြလော့၊ သင်တို့ သည်းခံနိုင်သည် ဖြစ်စေ သည်းမခံနိုင်သည် ဖြစ်စေ သင်တို့အတွက် မထူးချေ၊ သင်တို့ ကျင့်ကြံခဲ့သမျှကိုသာ အစားပေးခြင်း ဖြစ်၏။ |
| ၁၇။ | **إِنَّ الْمُتَّقِينَ فِي جَنَّاتٍ وَنَعِيمٍ۞**<br>ကေန်ပင် စည်းစောင့်သူတို့သည် ဂုဏ်ရှိသော ဥယျာဉ်ဘုံ၌ ဖြစ်ရမည်။ |
| ၁၈။ | **فَاكِهِينَ بِمَا آتَاهُمْ رَبُّهُمْ وَوَقَاهُمْ رَبُّهُمْ عَذَابَ الْجَحِيمِ۞**<br>ကံကြမ္မာရှင်၏ ချီးမြှင့်မှုကြောင့် သူတို့သည် ဝမ်းမြောက်ရလတ္တံ့၊ ကံကြမ္မာရှင်သည် သူတို့အား ငရဲ ဝဋ်ကြွေးမှ ကယ်ဆယ်ထားတော်မူ၏။ |
| ၁၉။ | **كُلُوا وَاشْرَبُوا هَنِيئًا بِمَا كُنتُمْ تَعْمَلُونَ۞**<br>သင်တို့၏ ကျင့်ကြံမှုများကြောင့် ပျော်ပျော်ရွှင်ရွှင် စားကြ သောက်ကြကုန်လော့။ |
| ၂၀။<br><br>☆၄၄:၅၄ | **مُتَّكِئِينَ عَلَى سُرُرٍ مَّصْفُوفَةٍ وَزَوَّجْنَاهُم بِحُورٍ عِينٍ۞**<br>တင့်တယ်သော ထိုင်ခင်းများ၌ အပန်းဖြေကြလော့၊ ငါသည် သူတို့အား ဖြူစင်သော မျက်လုံးပိုင်ရှင်များနှင့် အစုအဖေါ်ဖွဲ့ပေးတော်မူ၏။☆ |
| ၂၁။ | **وَالَّذِينَ آمَنُوا وَاتَّبَعَتْهُمْ ذُرِّيَّتُهُم بِإِيمَانٍ أَلْحَقْنَا بِهِمْ ذُرِّيَّتَهُمْ وَمَا أَلَتْنَاهُم مِّنْ عَمَلِهِم مِّن شَيْءٍ كُلُّ امْرِئٍ بِمَا كَسَبَ رَهِينٌ۞**<br>ယုံကြည်သော သူ၊ သူတို့အား ယုံကြည်ခြင်းဖြင့် လိုက်နာသော သူတို့၏ သားသမီးများ၊ ငါသည် သူတို့နှင့် သူတို့၏ သားသမီးတို့အား ပေါင်းဆုံပေးတော်မူမည်။ သူတို့၏ ကျင့်ကြံမှု တစ်စုံတစ်ရာကိုမျှ ပပျောက်စေသည် မဟုတ်ချေ။ စီမံမှု ကိုယ်စီ၏ ဆည်းပူးမှုတိုင်းကို ပြန်အပ်တော်မူမည်။ |
| ၂၂။ | **وَأَمْدَدْنَاهُم بِفَاكِهَةٍ وَلَحْمٍ مِّمَّا يَشْتَهُونَ۞**<br>ငါသည် သူတို့အား သီးနှံစုံ သားငါးများကို ဆန္ဒအတိုင်း တိုးပွားစေတော်မူလတ္တံ့။ |
| ၂၃။ | **يَتَنَازَعُونَ فِيهَا كَأْسًا لَّا لَغْوٌ فِيهَا وَلَا تَأْثِيمٌ۞**<br>ထို၌ သိမ်ဖျင်းပျော်ပါး အပြစ်အနာကင်းသော သောက်သုံးခွက်ကို ကမ်းလှမ်းပေးကြကုန်လတ္တံ့။ |

| | |
|---|---|
| ၂၄။ | **وَيَطُوفُ عَلَيْهِمْ غِلْمَانٌ لَّهُمْ كَأَنَّهُمْ لُؤْلُؤٌ مَّكْنُونٌ۞**<br>သူတို့အား သူတို့၏ ဖုံးကွယ်ထိမ်းသိမ်းထားသော ပုလဲကဲ့သို့ သားရတနာတို့သည် လှည့်လည်ဝိုင်းရံလျက် ရှိလတ္တံ့။[၁၀၀၂] |
| ၂၅။ | **وَأَقْبَلَ بَعْضُهُمْ عَلَى بَعْضٍ يَتَسَاءلُونَ۞**<br>သူတို့သည် အချင်းချင်း ချည်းကပ်ပြောဆို မေးမြန်းလျက် ရှိကြလတ္တံ့။ |
| ၂၆။ | **قَالُوا إِنَّا كُنَّا قَبْلُ فِي أَهْلِنَا مُشْفِقِينَ۞**<br>သူတို့က ပြောကြသည်မှာ''ယခင်က ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိုင်းသားများအတွင်း စိုးရိမ်ခြင်းဖြင့် နေခဲ့ရ၏၊– |
| ၂၇။ | **فَمَنَّ اللَّهُ عَلَيْنَا وَوَقَانَا عَذَابَ السَّمُومِ۞**<br>သို့သော် ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား မျက်နှာသာ ပေးခဲ့ပြီ၊ အရှင်သည် ကျွန်ုပ်တို့အား ဝင့်ကြွေး လေငွေ့မှ ကယ်ဆယ်ခဲ့၏။ |
| ၂၈။ | **إِنَّا كُنَّا مِن قَبْلُ نَدْعُوهُ إِنَّهُ هُوَ الْبَرُّ الرَّحِيمُ۞**<br>ကေန်ပင် ကျွန်ုပ်တို့သည် ယခင်က အရှင့်အား ဆုတောင်းပန်ထွာခဲ့၏။ အရှင်သည် မေတ္တာတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏၊''ဟု ဖြစ်၏။ |
| ၂၉။ | **فَذَكِّرْ فَمَا أَنتَ بِنِعْمَتِ رَبِّكَ بِكَاهِنٍ وَلَا مَجْنُونٍ۞**<br>သို့ဖြစ်၍၊ ကံကြမ္မာရှင်၏ ဂုဏ်ပေးမှုကို သတိဖေါ်ပေးလော့၊ သင်သည် အတိတ်ဟောဆရာလည်းမဟုတ် ရူးသွပ်နေသူလည်း မဟုတ်ချေ။ |
| ၃၀။ | **أَمْ يَقُولُونَ شَاعِرٌ نَّتَرَبَّصُ بِهِ رَيْبَ الْمَنُونِ۞**<br>သူတို့က ''သူသည် ကဗျာဆရာဖြစ်၏၊ သူ့အား အချိန်ကာလ၏ အကုသိုလ်က တိုက်စားသွားလိမ့်မည်၊''ဟု ဆိုကြ၏။ |
| ၃၁။ | **قُلْ تَرَبَّصُوا فَإِنِّي مَعَكُم مِّنَ الْمُتَرَبِّصِينَ۞**<br>''စောင့်ကြည့်ကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်ကြည်သူတို့မှ ဖြစ်၏၊''ဟု ဟောလော့၊ |
| ၃၂။ | **أَمْ تَأْمُرُهُمْ أَحْلَامُهُم بِهَذَا أَمْ هُمْ قَوْمٌ طَاغُونَ۞**<br>သူတို့၏ သဘောပေါက်မှုက သူတို့အား စီမံချက်ချပေးသလော၊ သို့မဟုတ် သူတို့သည် စည်းပျက်သူများ ဖြစ်သလော။ |
| ၃၃။<br>ကုရ်အာန် | **أَمْ يَقُولُونَ تَقَوَّلَهُ بَل لَّا يُؤْمِنُونَ۞**<br>သို့မဟုတ် ''သူသည် **၎င်း**ကို ဖန်တီး၏၊''ဟု ပြောကြသလော၊ အမှန်မှာ သူတို့သည် ယုံကြည်များ မဟုတ်ချေ။ |
| ၃၄။<br>ဟဒီးဆ် | **فَلْيَأْتُوا بِحَدِيثٍ مِّثْلِهِ إِن كَانُوا صَادِقِينَ۞** |

---

(၁၀၀၂) ဤသုတ်တော်တွင် ပြောဆိုသော ''သားရတနာများ''ကို ဆရာတော်ကြီး တစ်ချို့က ကံကျွေးလုလင်များ၊ ယောကျ်ားလေးများဟု ပြန်ဆိုကြပေသည်။ ထိုစကားလုံး **ဂိုလာမန်** ဆိုသည်ကို ကိုယ်တော် အီဗရာဟီးမ်အား သားရတနာပေးမည်ဟု ပြောဆိုသော ၅၁:၂၈။ မိခင် မာရိအား သားရတနာ ပေးမည်ဟု ဆိုသော ၁၉:၁၉ နှင့် အခြားမြောက်များစွာသော နေရာတိုင်းတွင် တွေ့နိုင်ပေသည်။ ဤသုတ်တော်မှ ပြောသော သားရတနာ ဆိုသည်မှာ သုတ်တော် ၂၁ တွင် သူတို့အား သူတို့၏ သားသမီးများနှင့် ပေါင်းဆုံစေမည်ဟု ပြောခဲ့ပြီး ဖြစ်ခြင်းကြောင့် သူတို့၏ အပြစ်မဲ့သော ဖြူစင်သန့်ရှင်းသော သားများ ဖြစ်ကြောင်း လွယ်ကူစွာ နားလည်နိုင်ပေသည်။ ထို့ပြင် နိုင်ငံရေး စကားလုံး၊ ဘာသာရေး စကားလုံးများတွင် မိမိ၏ တပည့် ဒကာများကိုလည်း သားသမီးများဟု ခေါ်ဆိုလေ့ရှိသောကြောင့် မိမိတို့၏ နောက်လိုက်ကောင်း တပည့်များကိုလည်း ဆိုလိုပေသည်။ ထိုသူတို့သည် နိဗ္ဗာန်ဘုံတွင် အလိုလိုရှိနေပြီးသော နတ်သားများ မဟုတ်ကြောင်းကို သုတ်တော် ၂၆–၂၇ က အတိအကျထောက်ပြထားပေသည်။

| | |
|---|---|
| | သူတို့သည် ဖြောင့်မှန်သူတို့ ဖြစ်ကြလျှင် ထိုကဲ့သို့ **ဆင့်ပြန်ကျမ်း**တစ်စောင် ပေးအပ်စေလော့။ |
| ၃၅။ | **أَمْ خُلِقُوا مِنْ غَيْرِ شَيْءٍ أَمْ هُمُ الْخَالِقُونَ۞**<br>သူတို့သည် တစ်စုံတစ်ရာ မရှိခဲ့ရာမှ ဖြစ်တည်စေခြင်းခံရသလော၊ သို့မဟုတ် သူတို့သည် ဖြစ်တည်ပေးစေနိုင်သူလော။ |
| ၃၆။ | **أَمْ خَلَقُوا السَّمَاوَاتِ وَالْأَرْضَ بَل لَّا يُوقِنُونَ۞**<br>သူတို့သည် မိုးများနှင့် မြေအား ဖြစ်တည်စေခဲ့သလော၊ အမှန်မှာ သူတို့သည် တိကျသေချာမှု မရှိကြချေ။ |
| ၃၇။ | **أَمْ عِندَهُمْ خَزَائِنُ رَبِّكَ أَمْ هُمُ الْمُصَيْطِرُونَ۞**<br>သူတို့တွင် ကံကြမ္မာရှင်၏ ထံတော်မှာ ဘဏ္ဍာတော်များ ရှိသလော၊ သို့မဟုတ် ထိန်းချုပ်နိုင်သူများ ဖြစ်ကြသလော။ |
| ၃၈။ | **أَمْ لَهُمْ سُلَّمٌ يَسْتَمِعُونَ فِيهِ فَلْيَأْتِ مُسْتَمِعُهُم بِسُلْطَانٍ مُّبِينٍ۞**<br>သို့မဟုတ် သူတို့သည် ကြားနာနိုင်စွမ်း ဈာန် ရထားသလော၊ သို့ဖြစ်လျှင် သူတို့၏ ကြားနာခဲ့ရသူမှ ထင်ရှားသော အထောက်အထားကို ပေးအပ်စေကုန်။[၁၀၀၃] |
| ၃၉။<br>☆<br>၄:၁၁၇ | **أَمْ لَهُ الْبَنَاتُ وَلَكُمُ الْبَنُونَ۞**<br>သို့မဟုတ် အရှင့်အတွက် သမီးများ ရှိ၍ သင်တို့အတွက် သားများ ရှိကြသလော။☆ |
| ၄၀။ | **أَمْ تَسْأَلُهُمْ أَجْرًا فَهُم مِّن مَّغْرَمٍ مُّثْقَلُونَ۞**<br>သို့မဟုတ် သင်သည် သူတို့ထံမှ အကျိုးအမြတ်တောင်းဘူးသလော၊ သို့အတွက် သူတို့မှာ ကြွေးနစ်နေကြသလော။ |
| ၄၁။ | **أَمْ عِندَهُمُ الْغَيْبُ فَهُمْ يَكْتُبُونَ۞**<br>သို့မဟုတ် သူတို့ထံ၌ စက္ခုလွန်များသည် ရှိ၍၊ သူတို့ ရေးမှတ်ထားကြသလော။ |
| ၄၂။ | **أَمْ يُرِيدُونَ كَيْدًا فَالَّذِينَ كَفَرُوا هُمُ الْمَكِيدُونَ۞**<br>သို့မဟုတ် သူတို့သည် ကြံစည်လိုကြသလော၊ သို့သော် ဖုံးကွယ်သော သူတို့သည်သာ သူတို့ကိုယ်သူတို့ ကြံစည်ခြင်း၌ ငြိနေကြကုန်၏။ |
| ၄၃။ | **أَمْ لَهُمْ إِلَٰهٌ غَيْرُ اللَّهِ سُبْحَانَ اللَّهِ عَمَّا يُشْرِكُونَ۞**<br>သို့မဟုတ် သူတို့အတို့ ပရမတ်ဘုရားရှင်မှ အပ အခြားဘုရားသည် ရှိနေသလော။ ဦးထိပ်ထားအပ်သော ပရမတ်ဘုရားရှင်သည် သူတို့၏ ရောပြွန်းကိုးကွယ်ရာတို့မှ ကင်း၏။ |
| ၄၄။ | **وَإِن يَرَوْا كِسْفًا مِّنَ السَّمَاءِ سَاقِطًا يَقُولُوا سَحَابٌ مَّرْكُومٌ۞**<br>မိုးကောင်းကင် အက်ကွဲပြိုကျသည်ကို သူတို့ မြင်ရသော အခါ၊ သူတို့က "တိမ်စိုင်ခဲ ဖြစ်သည်၊"ဟု ပြောကြလတ္တံ့။ |
| ၄၅။ | **فَذَرْهُمْ حَتَّىٰ يُلَاقُوا يَوْمَهُمُ الَّذِي فِيهِ يُصْعَقُونَ۞**<br>သူတို့အား ဒဏ်သင့်စေမည့် နေ့ကာလကို ခင်းကျင်းထိသက်သည့်တိုင် သူတို့အား လျစ်လျူရှုထားလော့။ |
| ၄၆။ | **يَوْمَ لَا يُغْنِي عَنْهُمْ كَيْدُهُمْ شَيْئًا وَلَا هُمْ يُنصَرُونَ۞** |

---

**(၁၀၀၃)** ဤသုတ်တော်မှ **سُلَّمٌ ဆူလ်လမ်** ကို ဆရာတော်ကြီးများက လှေကားဟု ပြန်ဆိုကြပေသည်။ သို့သော် ထိုစကားလုံးသည် ရှေးအာရဗ် ဂန္တိရဆရာတို့၏ ကောင်းကင်သို့တက်ခြင်း၊ နက္ခတ်တာရာများကို တွက်ချက်၍ လူသားတို့အား အတိတ်ဟောခြင်း အတွက် အမြင့်သို့ တက်ခြင်းများကို ပြောဆိုသော စကားလုံး ဖြစ်၍၊ ပါဠိ ဝေါဟာရ "ဈာန"– မြန်မာ စကားလုံး "ဈာန်"နှင့် တိုက်ရိုက် အဓိပ္ပါယ် တူပေသည်။ ထိုသူတို့သည် သူတို့ပြောနေသကဲ့သို့ ဈာန်ရသူများ မဟုတ်ဟု ကျမ်းတော်က ဆိုလိုခြင်း ဖြစ်ပေသည်။ ဖ:၃၅ တွင် ကြည့်ပါ။

| | |
|---|---|
| | ထိုနေ့၌ သူတို့၏ ကြံစည်မှုများသည် သူတို့အတွက် ကုံလုံပြည့်စုံခြင်း မရှိ၊ သူတို့အား အကူအညီလည်း မရှိချေ။ |
| ၄၇။ | **وَإِنَّ لِلَّذِينَ ظَلَمُوا عَذَابًا دُونَ ذَٰلِكَ وَلَٰكِنَّ أَكْثَرَهُمْ لَا يَعْلَمُونَ۞**<br>ကေန်ပင် အဝိဇ္ဇာကောင်များအတွက် ဤမှအပ ဝင့်ကြွေးသည် ရှိသေး၏၊ သို့ရာတွင် သူတို့မှ အများစုကြီးသည် အသိပညာ မရှိချေ။ |
| ၄၈။ | **وَاصْبِرْ لِحُكْمِ رَبِّكَ فَإِنَّكَ بِأَعْيُنِنَا وَسَبِّحْ بِحَمْدِ رَبِّكَ حِينَ تَقُومُ۞**<br>သို့ဖြစ်၍ ကံကြမ္မာရှင်၏ ဓမ္မသတ်အား သည်းခံစောင့်လော့၊ ကေန်ပင် သင်သည် ငါအရှင်၏ မျက်မှောက်တော်၌ ရှိ၏၊ သင်၏ ရပ်တည်ချိန်တွင် ကံကြမ္မာရှင်အား ဦးထိပ်ပန်ဆင် ရည်သန်စူးစိုက်လော့။ |
| ၄၉။ | **وَمِنَ اللَّيْلِ فَسَبِّحْهُ وَإِدْبَارَ النُّجُومِ۞**<br>ညပိုင်းတွင်၊ ကြယ်တာရာများ မှိန်ပျော့ချိန်တွင် အရှင့်အား ဦးထိပ်ပန်ဆင်လော့။ |